

စစ်မှန်သော
ဘုရား

# စစ်မှန်သော ဘုရား


အသက်ဟာ ကျွန်ုပ်အတွက် ကြီးမားသောဆက်နွယ်မှုနှင့် အဓိပ္ပါယ်ရှိပါသည်။ ကျွန်ုပ်၏ မိန်းမ၊ ကလေးနှစ် ယောက်နှင့် ကျွန်တော်ဟာ လာမည့်အနာဂတ်ကိုမျော်ကြည့်ပြီး ခံစားခဲ့ရတယ်။ ကျွန်ုပ်ရဲ့ လေပွန်ချောင်းထဲရှိတဲ့ အကျိတ်ဟာ တဖြည်းဖြည်းကြီးလာတာကြောင့် အသက်ရှင်ဖို့အချိန်အနည်းငယ်သာ လိုတော့သည်ဟု ဆရာဝန် က ပြောပြခဲ့သည်။ ကျွန်ုပ်ရဲ့ အသက်ကို ဆွဲဆန့်ရန် ဖြစ်နိုင်သည့် နည်းလမ်းကတော့ အဲဒီ အကျိတ်ကိုသာမက ကျွန်ုပ်ရဲ့ အသံအိုးကိုပါ ဖယ်ရှားတဲ့ အရေးကြီးတဲ့ ခွဲစိပ်မှုကို လုပ်ရတော့မယ်။ ဤကဲ့သို့ အကျပ်အတည်းက ပြင်း ပြင်းထန်သော ရပ်နားမှုဖြစ်စေဖို့ ကျွန်ုပ်၏ ဘဝထဲသို့ သယ်ဆောင်လာခဲ့တယ်။



အကျိတ်နှင့်ပတ်သက်ပြီး လေ့လာမှုတွေပြီးဆုံးတဲ့နောက်မှာ ကျွန်ုပ်ပထမဆုံးခွဲစပ်မှုပြုလုပ်ခဲ့တယ်။ ခွဲစပ်မှုအချိန်မှာ တစ်နာရီလောက်ဘဲ ဖြစ်သင့်သော်လည်း တစ်နေကုန်ကြာမြင့်ခဲ့တယ်။ ထိုကဲ့သို့ မချိမတင်ခံစား ရတဲ့ဝေဒနာဟာ မခံမရပ်နိုင်လောက်အောင်ဖြစ်ခဲ့တယ်။ လမ်းလျှောက်ရင်း ကျွန်ုပ်ရဲ့ လည်ချောင်းဟာ လှီးဖြတ် ထားခံရပြီး၊ လေပွန်အိုးကို ထည့်ထားတာက ကျွန်ုပ်လေ့လာတွေ့ရှိခဲ့တယ်။ အဲဒီလေပွန်အိုးကို ကျွန်ုပ်လက်မနဲ့ ဖိ ထားပြီးမှဘဲ ကျွန်ုပ်စကားပြောလို့ရခဲ့တယ်။



ခွဲစိတ်မှု(အောင်မြင်တယ်လို့ပြောသည့်) ပြီးဆုံးပြီး
၁၀မြောက်တဲ့နေ့  တညနေခင်းမှာ သွေးများ ချက်ခြ
င်း ကျွန်ုပ် ရဲ့ ပါးစပ်ထဲမှ ပြည့်လာခဲ့တယ်။ ကျွန်ုပ်
ချက်ခြင်း သူနာပြုကိုခေါ်လိုက်တယ်။ မကြာမှီမှာ
ဆရာဝန်များ ထိပ်ထိပ် ပျာပျာနဲ့ ၃နာရီကျော် ေ
သွးအန်တာကို ရပ်တန်ဖို့ ကြိုးစားကြတယ်။ ကြုံ
ရာမရဖြစ်နေတဲ့ ဆရာဝန်တစ်ယောက် က `ငါတို့
ကြိုးစားကြည့်ခဲ့ပြီးပြီ` လို့ ဖွင့်ဟဝန်ခံလာခဲ့တယ်။
သေခြင်းနဲ့ နီးလာတာကို သိရှိလာပြီး သခင် ယေရှု ကျွန်ုပ်ကို ကယ်ပါ လို့
အကူအညီမဲ့စွာ ငိုယိုပြီး သွေးထွက်တာ ချက်ခြင်း ရပ်သွားတော့တယ်။





ယေရှုနာမနှင့်ပတ်သက်တဲ့
အကြောင်းအရာတစ်ခုခုဖြစ်ရ
မည်။ ဘာကြောင့်လဲ။ ပထမဦး
ခွဲစိတ်မှုမပြုလုပ်ခင် ဘယ်အရာ
က နေရာယူသွားလဲဆိုတာကို
ကျွန်ုပ်ရှင်းပြပါရစေ။

ဤခွဲစိပ်မှုကို မပြုလုပ်ခင်ေ
လးမှာ ကြောက်ရွံ့မှုကြီးဟာကျွန်ုပ်ထံ ရုတ်တရက် ကျရောက်လာခဲ့တယ်။
ကျွန်ုပ်ရဲ့အ သင်းတော်ထံမှ အားပေးနှစ်သိမ့်မှုကို ရယူရန် ဆုံးဖြတ်လိုက်
တယ်။ ကျွန်ုပ်အသက်တာမှာ ဘုရားသခင်ဟာ အလွန် ဝေးကွာနဲ့နေရာ
မှာ ရှိနေပြီး ယေရှု၏ မယ်တော် မာရီဟာ ဘုရားနှင့် လူကြားမှာ ကြားဝင်
ဖျံဖြေသူ တစ် ယောက်အဖြစ် ထင်မြင်ယူဆခဲ့တယ်။ နောက်ပြီး ကျွန်ုပ်
ခက်ခဲတဲ့အချိန် ဆုတောင်းတဲ့အခါ ကျွန်ုပ်နှစ်သက်တဲ့ သန့်ရှင်းသူတစ်ေ

ယာက်ရှိခဲ့တယ်။ ဒါကြောင့် တနင်္ဂနွေနေ့မှာ ကျွန်ုပ်ရဲ့ ရှိသမျှခွန်အားနဲ့ ဆုတောင်းခဲ့တယ်။ သို့ သော် ဘုရားကျောင်းထဲနေ ပြန်ထွက်လာတဲ့အချိန်မှာလည်း ကျွန်ုပ်ရဲ့ စိတ်ဓါက်ကျမှုကတော ရှိနေဆဲပါဘဲ။




အိမ်သို့ ပြန်လာတဲ့အချိန် ကျွန်ုပ်နလုံးသားထဲ တုန့်ပြန်မှုကြီးနဲ့ ပြည့်နက်နေခဲ့တယ်။ ကျွန်ုပ်၏ ကြောက်ရွံ့မှုကို ခေျှဖျက်ဖို့ရန် နည်းလမ်းမရှိသလိုပါဘဲ။ အဲဒီအချိန်မှာ တိုက်ခန်းတစ်ခုရဲ့ ပြတင်းပေါက်ကနေလာတဲ့ ဘုရားသီ ချင်းကို ရုတ်တရက် အာရုံစိုက်မိခဲ့တယ်။ အဲဒီတိုက်ခန်းထဲကို ဝင်ဖို့ရန် ကျွန်ုပ်ရဲ့စိတ်က တိုက်တွန်းနေခဲ့တယ်။ လူ၆ရောက်လောက်ရှိတဲ့ အဖွဲ့တဖွဲ့ ဓမ္မသီချင်း ဆိုနေတာတွေကို တွေ့လိုက်တယ်။ အစည်းအဝေးပြီးတဲ့အခါ သင်းအုပ်ဆရာက ကျွန်ုပ်ကို နှုတ်ဆက်ပြီး `ဘာအကူအညီပေးရမလဲ` လို့ ကျွန်ုပ်ကို မေးတယ်။ လာမည့်နေ့မှာ စိုးရိမ်ရတဲ့ ခွဲစိပ်မှုလုပ်မယ်ဆိုတဲ့အကြောင်းကို ရှင်းပြပြီး၊ ဆုတောင်းပေးဖို့ရန် တောင်းဆိုလိုက်ပါတယ်။ ဆရာ ဆုတောင်းပြီးတဲ့အခါ အံ့သြဖွယ်ရာ ကျွန်ုပ်ရဲ့စိုးရိမ်စိတ်တွေဟာ ချက်ခြင်း ပျောက်ကွယ်သွားတယ်။ လာလည်ဖို့ ရန်လည်း သူဂတိပေးပြီး၊ ယေရှုကူညီလိမ့်မည်ဆိုတဲ့ သေချာတဲ့ အရာကိုလည်း ကျွန်ုပ်ကို ပေးခဲ့တယ်။

သေချာသလောက်ကတော့ ပထမဦးဆုံး ခွဲစပ်တဲ့နေရာ ဆုတောင်းတဲ့သူတွေဟာ ကျွန်ုပ်အတွက် ဆုတောင်း ပေးကြမှာပါ။ ဤ ကြိုးစားနေရတဲ့အချိန်အတွင်းမှာလည်း ကျွန်ုပ်ဆီကို လာလည်ကြပြီး၊ ကျမ်းစာထဲမှ ယေရှုရဲ့ အကြောင်းကို သင်ပေးကြတယ်။ ပထမဦးဆုံးအကြိမ် ကျွန်ုပ်ရဲ့မျ

က်စိတွေပွင့်လာပြီး၊ ယေရှုခရစ်တော်ဟာ ဘုရားသခင်နှင့်လူသားအကြား မှာ ကြားဝင်ဖျံဖြေသူအဖြစ် သိရှိလာခဲ့တယ်။ ပြီးနောက် ဆုတောင်းပြီး၊ ယေရှုခ ရစ်ကို ကျွန်ုပ်ရဲ့ ကယ်တင်ရှင်သခင်အဖြစ် ဂမ်းမြောက်စွာဖြင့်လက်ခံခဲ့တယ်။ ဘုရားသခင်ရဲ့ နွေးထွေးတဲ့ ရှေ့တော်မှောက်မှာ ငြိမ်သက်ခြင်းနှင့် စိတ်ချမှုတွေကို ခံစားခဲ့ရတယ်။

ပထမခွဲစပ်မှုမှ ကျန်းမာလာပြီးနောက် ကျွန်ုပ်ကို အိမ်သို့ ဆေးရုံက ထွက်ခွါခွင့်ပြုခဲ့ပြီး၊ တပတ်တခါ ဆေးရုံသို့ လာပြရမည်။



ကျွန်ုပ်ရဲ့အသက်ကို ဆွဲဆန့်ဖို့ရန် နောက်ဆုံးမတက်သာသည့်အဆုံး ကျွန်ုပ်ရဲ့အသံအိုးကို ဖယ်ရှားဖို့ရန် ဒုတိယ အကြိမ်မြောက် ခွဲစပ်မှု နောက်ဆုံးမှာတော့ ရောက်လာတယ်။ ဤအချိန်အတောအတွင်း ကျွန်ုပ်ရဲ့ ခရစ်ယာန်သူ ငယ်ချင်းများသည် သမ္မာကျမ်းစာထဲမှအရာတွေအားဖြင့် ဝေငှခဲ့ကြတယ်။ ဘုရာသခင်ရဲ့ နှုတ်ကပတ်တော်ဟာ တကယ်ဘဲ အသစ်သောအသက်တာဖြစ်စေခဲ့တယ်။ `...ငါသည် သင်တို့၏ ရောဂါကို ငြိမ်စေသော ထာဝရ ဘုရားဖြစ်သည် (ထွက် ၁၅း၂၆)။ `အချင်း ချစ်သူ၊ သင်၏ စိတ်နှလုံးသည် ကောင်းစားသကဲ့သို့ သင်သည် အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏` (၃ယော ၁း၂)။ ပေးထားတဲ့ အာမခံချက် ဂတိတော်နှစ်ချက်ဟာ ယေရှုခရစ် ကျွန်ုပ်ကို ကျန်းမာစေနိုင်တယ်ဆိုတာပါဘဲ။ `ငါသည် အသက် ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့် မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏ (ဗျာဒိတ် ၁း၁၈) ဟု ယေရှုကိုယ်တိုင် ပြောခဲ့သည်။ သို့သော်လည်း ကျွန်ုပ်ရဲ့ စိတ်ချမှုဟာ ဆရာဝန်တွေဆီ၊

ဆရာဝန်တွေရဲ့စကားတလုံးစီအပေါ်မှာ အမြဲတမ်းရှိခဲ့တယ်။ ယခုမှာ ယေရှုနှင့်
သူ့ရဲ့စကားတွေအပေါ်မှာ ကြီးမားသော အားကိုးမှုကို တွေ့ရှိခဲ့ရတယ်။

ဒုတိယအကြိမ်မြောက် ခွဲစပ်မှုအတွက် ဆေးရုံမှ ပြန်လာသည့် ညတစ်
ညမှာ ကျွန်တော်ရဲ့ အိပ်ရာဘေးမှာ ရှိတဲ့ လူငယ်တစ်ယောက် သူ့ရဲ့ အစာ
အိမ်နာကျင်တာကြောင့် အော်ဟစ်နေတယ်။ ကျွန်ုပ်ရဲ့နှလုံးမှာ သူ့အတွ



က် သနားကြင်နာခြင်းတွေ ပြည့်နှ
ပ်နေခဲ့တယ်။ သူ့ရဲ့ ကုတင်ဘေး
သွားပြီး၊ ကျွန်ုပ်ရဲ့လက်ကို အပေ
ါ်မြှောက်ကာ `သခင်ယေရှု၊ ဤ
လူငယ်လေးဟာ နာကျင်တာကို ခံ
စားနေရပါတယ်။ သူ့ကို ကူညီပါ၊
နာကျင်တာတွေကို ပျောက်ကင်းေ
စပါ` လို့ ပြောပြီး ချက်ခြင်း၊ ကျ
န်းမာလာပြီး မတ်တက်ရပ်လာနိုင်တယ်။ အဲလိုမျိုး အဖြစ်အပျက် ဖြစ်လာ
တဲ့နောက်ပိုင်း ဒုတိယအကြိမ် ခွဲစပ်မှု မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်
တယ်။ ဤလူငယ်လေးကို ကျန်းမာစေတဲ့ယေရှုဟာ သူကို ကျန်းမာစေနိုင်
ရင်၊ ငါလည်း ကျန်းမာနိုင်တယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအပတ်ထဲမှာ
ဘဲ ဆရာဝန်တွေရဲ့ သတိပေးစကားတွေကို လျစ်လျူရှုပြီး၊ အိမ်သို့ ပြန်လာ
ခဲ့တယ်။ အဲဒီအပတ်ပြီးနောက်မှာ ဆေးရုံသို့ ကျွန်ုပ်ပြန်မလာတဲ့အကြော
င်း မေးမြန်းစာ ၃စောင် ကျွန်ုပ်ရရှိခဲ့တယ်။
သုံးစောင်မြောက် စာထဲမှာ ကျွန်ုပ်ရဲ့ ရော
ဂါနှင့်ပတ်သက်ပြီး အထိတ်တလန့်ဖြစ်စေ
တဲ့ အကြောင်းအရာတွေ နှင့် ကျွန်ုပ်သေနိ



င်တယ်ဆိုတဲ့ သူတို့ရဲ့ စီစစ်တွေ့ရှိချက်များကို ဖေါ်ပြထားတယ်။ ဒါပြင်
သေဆုံးခဲ့လျှင် သူတို့ရဲ့ တာဝန်မဟုတ်ဘူးလို့ ဖေါ်ပြခဲ့တယ်။ ဤစာဟာ
ပြဿနာတစ်ခုလုံးကို ပြင်းပြင်းထန်ထန် စဉ်းစားစေဖို့ ဖြစ်စေခဲ့ တယ်။
သို့သော် နှုတ်ကပတ်တော်ကို ကျွန်ုပ်ပို၍ဖတ်ရှုလေလေ၊ ကျွန်ုပ်ရဲ့နှလုံး
သားထဲမှ ငြိမ်သက်ခြင်းနှင့် ရဲရင့်ခြင်းတွေဟာ ပို၍ပြည့်လာလေလေပါဘဲ။

မကြာမီအချိန်မှာ ကျွန်ုပ်၏ လည်ချောင်းထဲမှ အကျိတ်သည် တဖြ
ည်းဖြည်း ကြီးထွားလာပြီး၊ အသက်ရှူရာ၌ အလွန်ပင် ခက်ခဲမှု ခံစားလာ
ရသည်။ ဆရာဝန်အားလုံးက ထိုကဲ့သို့ ဖြစ်ပျက်လာမည်ကို သတိပေးခဲ့
သည်။ ကျန်းမာစေသော ခရစ်တော်တော်၌ ထားသည့် ကျွန်ုပ်ရဲ့ယုံကြ
ည်ခြင်းကို စမ်းသပ်သည်ကို ကျွန်ုပ်သိရှိခဲ့သည်။



တစ်နေ့ဆုတောင်းနေစဉ် ကျွန်ုပ်ရဲ့နာမည်ကို
ခေါ်ပြီး၊ `အိမ်အဟောင်းကို သင်ပြောင်းရွှေ့ခဲ့မည်
ဆိုလျှင်၊ ပထမဆုံး သင်ဘာလုပ်မည်နည်း` ဟူေ
သာ အသံကို ကြားခဲ့ရတယ်။ ဤအသံဟာ ဘုရားသ
ခင်ရဲ့ အသံဘဲလို့ ကျွန်ုပ်သိလိုက်တယ်။ `သန့်ရှင်းရေး
အရင်လုပ်မယ်` လို့ ပြန်ပြောလိုက်တယ်။ `သင့်ကို ငါ့ရဲ့ ဗိမာ
န်တော်ဖြစ်စေ ချင်တယ်`ရှင်းပြခဲ့တယ်။ သို့သော် ပထမဆုံး သေသေချာ
ချာ သန့်ရှင်းနေရမည်။ ကျွန်ုပ်ရဲ့အပြစ်များကို ယေရှု ခွင့်လွှတ်ပြ
ပီး၊ သူ့ရဲ့ သားအဖြစ် ကျွန်ုပ်ကို ဖြစ်စေခဲ့တာကို သိရှိလိုက်
တယ်။ ကျွန်ုပ်ရဲ့အပြစ်တွေကို အကုန်လုံး ဝန်ချမတောင်း
ပန်ခဲ့ရဘူး။ အပြစ်တွေအကုန်လုံး ဝန်ချတောင်းပန်ပြီး
တဲ့နောက်မှာတော့ ကျွန်ုပ်ရဲ့ ပိုးတိုးဂါးတား ခံစား
များ ကျွန်ုပ်အပေါ်မှာ လွှမ်းခြုံလာပြီး၊ ဘုရားသခ



င်ရဲ့ သန့်ရှင်းသော ရှေ့တော်မှောက်မှာ ငိုယိုပြီးနေခဲ့တယ်။ ယေရှုဟာ ကျွန်ုပ်ခံရမည့်နေရာဟာ သူဟာ အသေခံခဲ့တယ်။ သခင်ယေရှု ကျွန်ုပ်ရဲ့ဝိညာဉ်ကို ပြည့်စေခဲ့အ တွက် နက်နက်ရှိုင်းရှိုင်းခံစားရပြီး၊ အဲဒီအချိန်တုန်းက ထွက်ပေါ်လာတဲ့ ဆုတောင်းခြင်းဟာ ကျွန်ုပ်ကို သန့်ရှင်း၊ သက်သေစေပြီး၊ ကျွန်ုပ်ရဲ့ အသက်ရှုကျပ်မှုကို သက်သာစေခဲ့ပါတယ်။

တစ်မနက် တခါမှမဖြစ်ခဲ့ဘူးတဲ့ အသက်ရှုကျပ်ခြင်းကြောင့် ကျွန်ုပ်အားနည်းခဲ့လာခဲ့တယ်။ အသက်ရှုတိုင်း သေ ခြင်းနှင့် အသက်ရှင်ခြင်းအကြားမှာ အားပြိုင်နေတယ်။ ကျွန်ုပ်ရဲ့ ဒူးအနေအထားကို ပြင်ပြီး၊ ကျွန်ုပ်ရဲ့နလုံးသားထဲ မှ `သခင်ယေရှု၊ ကျွန်ုပ်ကို ကျန်းမာခြင်းပေးလျှင်၊ ကိုယ်တော့်အတွက် တစ်ခုခု ကျွန်ုပ်လုပ်ပေးမည်` လို့ ငိုယို အော်ဟစ်ခဲ့တယ်။ ကြည့်ရတာတော့ သူ့ရဲ့ အလိုဆန္ဒကို အရှုံးပေးဖို့ သူစောင့်နေခဲ့တာပဲဖြစ်တယ်။ ချက်ခြင်း၊ ချောင်းတအားဆိုးလာကာ၊ ကျွန်ုပ်ရဲ့ပါးစပ်ထဲကို အရာတခုခုတတ်လာတော့ လက်ထဲကို ထွေးချလိုက်တယ်။ ဘာဖြစ်မလဲဆိုတာ ကျွန်ုပ်ကြည့်လိုက်တော့ အကျိတ်ဖြစ်နေတယ်ဆိုတာ တွေ့လိုက်တယ်။ နောက်ဆုံးတော့ ကျွန်ုပ်လွတ်လ ပ်သွားပြီ။ ယေရှု ကတိပြု ထားသည့်အတိုင်း ကျွန်ုပ်ကို ကျန်းမာစေခဲ့တယ်။ ဘုရားသခင် ဘုန်း ကြီးပါစေ။ နောက်ပြီး အခြားသော အံ့သြဖွယ်ရာအကြောင်းကို ပြောပြချင်ပါသေးတယ်။



အသစ်တဖန် ပုံမှန် ကောင်းကောင်း စားနိုင်၊ အသက်ရှုနိုင်ခြင်းဟာ ဘယ်လောက်ပျော်ရွှင်စရာကောင်းတဲ့အရာ ပါလဲ။ သို့သော် လေပြွန်ရဲ့ အစိတ်အပိုင်းတစ်ခ

ကျွန်ုပ်ရဲ့ လေချောင်းထဲမှာ ကျန်နေသေးပါတယ်။ ဆရာဝန်များ အဲဒီဟာကို မဖယ်ရှားရသေးဘူး။ ဒုတိယအကြိမ်မြောက် ခွဲစိတ်ခြင်းအတွက် ပြန်လာရလိမ့်မယ်လို့ စဉ်းစားခဲ့ တယ်။ ဒီအရာဟာ နာကျင်ပြီး၊ စိတ်အနှောက်အယှက်ကို ပေးနေခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်ရဲ့ အကျိတ်ကိုလည်း ပျောက်ကင်းခဲ့သလို ကျွန်ုပ်ရဲ့ လည်ပင်းထဲမှ အရာကို ဖယ်ရှားပေးဖို့ရန် ဘုရားသခင်ကို တောင်းလျှောက်လိုက် တယ်။ အချိန်တိုင်း ကျွန်ုပ်ဆုတောင်းခဲ့တယ်။ ကျွန်ုပ်ရဲ့ လည်ပင်းထဲမှာ အဲဒီအရာဟာ ရွေ့လျားနေခဲ့ပြီး၊ မခံမရပ် နိုင်အောင် နာကျင်ပြီး၊ မကြာခဏ သွေးထွက်လာတယ်။ နောက်ဆုံး ဆုတောင်းတာကို ရပ်လိုက်ပြီး၊ ဘုရားသ ခင်၏ ချစ်ခြင်းမေတ္တာအတွက် သူ့ကို ချီးမွမ်းခဲ့တယ်။

တနေ့မှာ မတူညီတဲ့ ဆုတောင်းချက် ကျွန်ုပ်ရဲ့ အတွေးထဲကို ဝင်ရောက်လာခဲ့တယ်။ ကျွန်ုပ်ရဲ့ လည်ပင်ထဲမှာရှိ တဲ့ အရာကို ဖယ်ရှားပေးမယ့်အစား အရေပျော်သွားအောင် ယေရှုထံ ဆုတောင်းခဲ့တယ်။ ယေရှု ကျွန်ုပ်ကို ဖြစ်စေချင်တဲ့အတိုင်းပါဘဲ။ သူ အလုပ်လုပ်ခဲ့တယ်။ သူအဲဒီဟာကို အရေပျော်စေခဲ့တယ်။

ဆရာဝန်များ ကျွန်ုပ်ကို အသက်ရှင်ဖို့ ၆လပဲ သတ်မှတ်ခဲ့သော်လည်း နှစ်ပေါင်းများစွာ အသက်ရှင် ဖြတ်သန်း ခဲ့ပြီး၊ ခုထက်ထိတိုင် အသက်ရှင်၊ ကျန်းမာစွာ နေထိုင်ရခြင်းဟာ သူ့ရဲ့ကျေးဇူးတော်ကို ချီးမွမ်းခဲ့လို့ပါဘဲ။ သိသာ တဲ့ အမာရွတ်တောင် မကျန်ခဲ့ပါဘူး။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဆေးစစ်ချက်နှင့် ဓါက်မှန်ရိုက်တဲ့အခါ ယေရှုခရစ် တော်ဟာ ကျွန်ုပ်ကို ကျန်းမာစေခဲ့တယ်ဆိုတာ သက်သေပြစရာဖြစ်လာတယ်။

အဲဒီအချိန်မှစ၍ ရေ၌ ဗတ္တိဇံခံပြီး သူ့ရဲ့နှုတ်ထွက်စကားအားဖြင့် အသက်ရှင်လျှောက်လှမ်းခဲ့ပြီး၊ သခင်ယေရှု သည်လည်း သန့်ရှ



င်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်ကို ဗတ္တိဇံပေးခဲ့တယ်။ ထိုအရာသည် ဘုရားသခင်၏ သားသမီးများ မရှိမဖြစ်လို့အပ်သည် အတွေ့အကြုံပင်ဖြစ်ပါသည်။ (မဿဲ ၂၈း၁၉၊ တမန် ၂း၃၈ ကိုဖတ်ရှုပါ)။ ကျွန်ုပ်ကို ကျန်းမာခြင်းပေးတဲ့ နေ့ကစပြီး ဘုရားသခင်ထံ ပြုခဲ့သော ကတိစကားကိုဆက်လက် သစ္စာရှိခြင်းကာ သူ့ရဲ့အမှုတော်ထဲမှာ ပါဝင်လာခဲ့တယ်။ ယေရှု ပြုခဲ့သော ကြီးမားသော အမှုများကို အခြားသူများအား ပြောပြပြီး၊ ဆက်လက်ပြီး လုပ်ဆောင်ပေးပါသည်။ သူသည် မှန်ကန်သော ဘုရားပင်ဖြစ်ပါသည်။



ယနေ့မှာ သင့်ဘဝတစ်လုံးကို ပေးအပ်ရန် ဘာကြောင့်မပေးဆပ်နိုင်ရမှာလဲ။ သင်ဖျားနာခဲ့လျှင် (သို့) လိုအပ်သည့်အရာများရှိခဲ့လျှင် ယေရှုကို ခေါ်ပါ။ သူ ဂတိပေးခဲ့သည်။ `သင်တို့သည် ငါ၏နာမကို အမှန်ပြု၍ တစုံတခုသော ဆုကိုတောင်းလျှင်၊ တောင်းသည့်အတိုင်း ငါပြုမည်` (ယော ၁၄း၁၄)။

**ဘုရားသခင် မစွမ်းဆောင်နိုင်သော လိုအပ်ချက်မရှိပါ။ အခြားသူများအပေါ် သူပြုလုပ်ခဲ့သလို၊ သင့်အတွက် လည်း သူလုပ်ဆောင်လိမ့်မည်။**

Kelly M. Burke

